မကွေးတိုင်းဒေသကြီး

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊

ကျောက်ကန်အုပ်စု၊ ကျောက်ကန်ကျေးရွာ

# ကျေးရွာလက်စွဲစာအုပ်

## အားလုံးပူးပေါင်းမှ တိုးတက်မည်

# မာတိကာ


၁။ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ပါသည့်စာရွက်)

၃။ မိတ်ဆက် -

- ဦးအောင်မင်းနိုင်လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်

၅။ ကျေးရွာအခြေခံသတင်းအချက်အလက်အနှစ်ချုပ်

၆။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ

၇။ ရာသီခွင်ပြဇယား

၈။ ပြဿနာသစ်ပင်နှင့်ဖြေရှင်းမှုစက်ကွင်း

၉။ ဝန်ဆောင်မှုနှင့်အခွင့်အလမ်းမြေပုံ

၁၀။ အနာဂတ်မျှော်မှန်းချက်မြေပုံ

၁၁။ ထူးခြားဖြစ်စဉ်မြေပုံ

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)

၁၄။ စားဝတ်နေရေးနှင့်ထိခိုက်လွယ်မှုအနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထား
မှုဇယား

၁၅။ အခြေခံ သတင်းအချက်အလက်ဇယား။

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/ သားများ ကိုယ်တိုင်ဖော်ထုပ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့်ဖြေရှင်းနည်းလမ်းများဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာင်းများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ.... ယခုကဲ့သို့ကျေးရွာသူ/ သားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာမလွဲပါ။

ထို့ပြင်မှတ်တန်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကိုတိကျသေချာအကျိုးရှိအောင်ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် မခိုင်ဇင်ဝင်း၊ မခင်နှင်းဝေ၊ အဖြိုးဖြိုးမြတ်နှင့် ကျေးရွာသူ/ သားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့်ပညာရှင်များပင် ဖြစ်ပါတော့သည်။

16.12.18

ကျေးရွာအုပ်ချုပ်ရေးမှူး

ကျောက်ကန်အုပ်စု၊ ကျောက်ကန်ကျေးရွာ

မြိုင်မြို့နယ်

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

ကျောက်ကန်ကျေးရွာအုပ်စု၊ မြိုင်မြို့နယ်

## မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီအနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

### ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက်စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တက်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီး ဘေး စသည်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက်ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ဖြေရှင်းနိုင်ရန်။

CamScanner

## ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်း ရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများ ဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့် အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောက်ဆက်လက်ဖြစ်ပွားမည့်မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမအားမျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့် မျိုးစေ့များကို ဖယ်ရှားသုတ်တင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ'ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်'ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- 'သတိမမူ ဂူမမြင်'ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရန်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်းမဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့်ပမာဏအားဖြင့် များပြားကြီးမားသောကြောင့်တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသောပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကိုပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- 'သို့သော် အနာရှိက ဆေးရှိသည်'ဟူသောလောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန်ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

## ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသောသံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ 'လိုလျှင်ကြံဆနည်းလမ်းရ' ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကိုကြံဆနိုင်စေရန်။

ထူးခြားဖြစ်စဉ်ပြဇယား ရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကိုသိရှိလာစေပြီး နောင်အခါတွင်၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီးကြိုတင်ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့်သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာယူနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် 'အကောင်း' 'အဆိုး' ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဒုံဒေသသည် မိုးခေါင်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့်စိုက်ပျိုးရေအခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ်အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့် ကြိုတင်ပြင်ဆင်ကာကွာခြင်းနည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲစသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ်ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှုအခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက မိမိမစွမ်းနိုင်သည်ကိုစွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက်ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသောမိုးပျံပူပေါင်းများက ဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်းအဖြေ

ရှာတင်ပြခြင်းဖြင့် နားလည်စေခြင်း။

- ‘ဆင်းရဲမှု’ နှင့် ‘ဆင်းရဲမှုမှလွတ်မြောက်မှု’ အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကိုရရှိစေခြင်း။

## အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူ/သားတို့လူမှုစီးပွားရေးအခြေအနေအရပ်ရပ်များကိုမည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူ/သားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သောအနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဌာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့်အေးချမ်းသာယာမှုကို ရွာသူ/သားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအားအဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

## ကျေးရွာ၏လိုအပ်ချက်အကောင်အထည်ဖော်ဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များဦးစားပေးလုပ်ဆောင်ရန် အစီအစဉ်နှင့်အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည့်သို့လုပ်ဆောင်မည်၊မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင်လုပ်ဆောင်ကြမည်များကို ကျေးရွာသူကျေးရွာသားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

## အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/ကြီး (ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်)တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားနိုင်ကာ မိသားစုနှင့်ရပ်ရွာကိုဦးဆောင်နိုင်မှု၊ အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- ‘ပုခက်လွှဲသောလက်သည် ကမ္ဘာကိုကိုင်လှုပ်နိုင်သောခွန်အားနှင့် စွမ်းအင်အပြည့်အဝရှိသည်’ ဆိုသည့်ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာ အသိအမှတ်ပြုလာနိုင်စေရန်။
- ကျား/မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန် ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

## ဝန်ဆောင်မှုနှင့်အခွင့်အလမ်းများ မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာသူ/သားများအနေနှင့် အစိုးရဌာနများနှင့်ပုဂ္ဂလိကဌာနများ၏ ဝန်ဆောင်မှုများနှင့်အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတို့ကို သတ်မှတ်ဖော်ထုတ်၍ မည်သို့မည်ပုံနေသည်ကိုသိရှိကာ အချိန်နှင့်သွားလာရေးအတွက် မည်သို့ပင်စီမံခန့်ခွဲလုပ်ကိုင်နေကြသည်စသည့်တို့ကို သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။
- ထိုနောက်ငင်းဝန်ဆောင်မှုနှင့် အခွင့်အလမ်းများအား မိမိတို့ကျေးရွာနှင့် အနီးဆုံးနေရာ၌ရှိနေရန် အားထုတ်ဆောင်ရွက်မှုကိုပြုနိုင်ရန်။
- အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများကို ရွာသူ/သားများကိုယ်တိုင်ဆွေးနွေးမိကြပြီး ဈေးကွက်အားနည်း/အားသာချက်များကို သိရှိမှတ်သားနိုင်ရန်။

ကျေးရွာအခြေခံ သတင်းအချက်အလက်အနှစ်ချုပ်

- ➢ ကျေးရွာအမည် - ကျောက်ကန်ကျေးရွာ
- ➢ ကျေးရွာအုပ်စု - ကျောက်ကန်
- ➢ မြို့နယ် - မြိုင်မြို့နယ်
- ➢ တိုင်းဒေသကြီး - မကွေးတိုင်းဒေသကြီး
- ➢ မိသားစု စုစုပေါင်း - ၃၁၇
- ➢ အိမ်ထောင်စု စုစုပေါင်း - ၃၂၀

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၇၀၈ | ၈၀၅ | ၁၅၁၃ |
| ၀ မှ ၅ နှစ်အောက် | ၅၅ | ၅၁ | ၁၀၆ |
| ၅ မှ ၁၃ နှစ်အောက် | ၁၁၄ | ၁၃၆ | ၂၅၀ |
| ၁၃ မှ ၁၈ နှစ်အောက် | ၅၂ | ၆၉ | ၁၂၀ |
| ၁၈ မှ ၃၅ နှစ်အောက် | ၂၀၀ | ၁၈၄ | ၃၈၄ |
| ၃၅ မှ ၆၀ နှစ်အောက် | ၂၁၀ | ၂၆၁ | ၄၇၁ |
| ၆၀ နှစ်နှင့်အထက် | ၇၇ | ၁၀၄ | ၁၈၁ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သော မိသားစု စုစုပေါင်း | ၆ | ၄ | | ၁၀ |
| အမျိုးသမီးဦးဆောင်သော မိသားစု စုစုပေါင်း | ၁၀ | ၂၀ | | ၃၀ |
| မသန်စွမ်းဦးဆောင်သော မိသားစု စုစုပေါင်း | | ၂ | | ၂ |

အဓိကအသက်မွေးလမ်းကြောင်းနှင့် ပတ်သက်သောပိုင်ဆိုင်မှုများ

- ဆိုင်ကယ် ၂၅၀ စီး
- ဖုန်း ၅၀၀ လုံး
- နွားလှည်း ၅၀ စီး
- တီဗွီ/ ဗီဒီယို ၂၅၀ လုံး
- စက်ဘီး ၃၀၀ စီး
- ဂြိုလ်တုစလောင်း ၅၀ ခု
- နွားစာစဉ်းစက် ၁၅ လုံး
- ဆီကြိတ်စက်
- အပ်ချုပ်စက် ၁၂ လုံး
- ချွေလှေ့စက် ၅ လုံး

- ရိတ်သိမ်းစက်
- လယ်ထွန်စက် ၅ စီး
- လယ်တွန်းထွန်စက် ၁ စီး
- သုံးဘီး
- ထော်လာဂျီ ၁ စီး
- ကား ၄ စီး
- ရေနံ့တူးစက်

**မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ**

- နွား (ခိုင်း) ၁၀၀ ကောင်
- နွား (မွေး) ၂၀၀ ကောင်
- ဝက် ၁၀၀ ကောင်
- ကြက်ခြံ ၅၀ ကောင်
- ဆိတ်

**ရွှေ့ပြောင်းလုပ်သားဦးရေ**

- ပြည်တွင်း ၁၀၀ ယောက်
- ပြည်ပ ၅၀ ယောက်

**စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)**

- လယ်မြေ ၅၀ ဧက
- ယာမြေ ၂၀၀ ဧက
- ဥယျာဉ်ခြံ ၁၀၀ ဧက
- ပလပ်မြေ/ ကျစ်မြေ ၁၀၀ ဧက
- သနပ်ခါးစိုက်ပျိုးမြေ ၄ ဧက
- စကျက်မြေ မရှိ
- သစ်တောမြေ မရှိ

**သောက်သုံးရေရရှိမှု**

- အဝီစိစက်ရေတွင်း
- ရေလှောင်ကန်
- ဝွေကျယ်ရေတွင်း ၂၀၀ တွင်း
- မြေသားရေကန်
- မြစ်

- ချောင်း ၁ ခု
- ဆည်
- လက်နှိပ်တုံကင် ၈၀ ခု
- ရေပိုက်လိုင်းသွယ်

**အလုပ်အကိုင်ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားရမှတ်တမ်း**

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁။ | နေ့စားလုပ်သား | |
| ၂။ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀) အောက်ပိုင်သူ | ၁၀ |
| | • ထန်းပင် (၂၀ မှ ၅၀ ကြား) ပိုင်သူ | ၅ |
| | • ထန်းပင် (၅၀ မှ ၁၀၀ ကြား) ပိုင်သူ | ၅ |
| | • ထန်းပင် (၁၀၀) အထက်ပိုင်သူ | |
| ၃။ | ထန်းလုပ်သား | |
| ၄။ | ဈေးရောင်း | |
| | • အကြော် / ပဲပြုတ် | ၂ / ၂ |
| | • ဟင်းသီးဟင်းရွက် | ၁၅၀ |
| | • ကုန်စုံဆိုင် (အကြီး) | ၉ |
| | • ကုန်စုံဆိုင် (အသေး) | ၅ |
| ၅။ | လယ်ယာပိုင်သူ | |
| | • လယ်/ယာ (၁)ဧက အောက်ပိုင်သူ | ၁၀၀ |
| | • လယ်/ယာ (၂)ဧက အောက်ပိုင်သူ | ၇၀ |
| | • လယ်/ယာ (၃)ဧက အောက်ပိုင်သူ | ၆၀ |
| | • လယ်/ယာ (၄)ဧက အောက်ပိုင်သူ | ၁၀၀ |
| | • လယ်/ယာ (၅ မှ ၉)ဧက ကြားပိုင်သူ | ၁၀ |
| | • လယ်/ယာ (၁၀)ဧကနှင့်အထက်ပိုင်သူ | ၂ |

**ပညာရေးအခြေအနေ**

ကျောင်းအမျိုးအစား/ဝန်ထမ်း

- ကျောင်းဆရာ/ဆရာမ ဦးရေ    ကျောင်းဆရာ (၂)၊ ဆရာမ (၇)၊ တွေတွေ (၁)
- မူကြို
- မူလတန်း
- မူလွန်

- အလယ်တန်း   အလယ်တန်းခွဲ
- အထက်တန်း

ပညာတတ်မြောက်မှု

- ဘွဲ့ရ   ၁၀၀ ဦး
- အထက်တန်းအောင်   ၁၁၀ ဦး
- အထက်တန်း   ၃၀ ဦး
- အလယ်တန်း   ၂၅၀ ဦး
- မူလတန်း   ၁၀၆ ဦး
- ဘက
- ပညာမတတ်   ၄ ဦး
- အသုံးလုံး

ကျန်းမာရေး

- ဆေးခန်း
- အရံသားဖွား   ၂ ဦး
- ဆေးဆရာ   ၃ ဦး
- သူနာပြု   ၁ ဦး
- တိုင်းရင်းဆေး   ၁ ဦး
- အရပ်လက်သည်   ၂ ဦး
- ဘိန်းတော

ကျန်းမာရေးဆိုင်ရာ အခြေအနေ


- အိမ်သာအသုံးပြုသောမိသားစု   ၃၀၀
- အဖြစ်များသောရောဂါများ   သွေးလွန်တုပ်ကွေး

မသန်စွမ်း

- ခြေတစ်ဖက်   ၁ ဦး
- ခြေနှစ်ဖက်   ၁ ဦး
- လက်တစ်ဖက်   ၁ ဦး
- လက်နှစ်ဖက်
- ဆွံ့အ   ၃ ဦး
- နားမကြား   ၇ ဦး
- မျက်မမြင်   ၄ ဦး
- ကျပ်မပြည့်   ၂ ဦး

အလုပ်အကိုင်ဆိုင်ရာများ

- တောင်သူ ၅၀
- ထန်းတက်သူ
- စက်ပြင်သူ ၅
- ပရိုလက်သမားသူ ၂၀
- လက်မှုပညာလုပ်ကိုင်သူ ၂
- ထန်းသာဖျင်းသူ
- ကျောက်ထုသူ
- မုန့်လုပ်သူ ၁
- အကြော်ကြော်ရောင်းသူ ၂
- ယက္ကန်းယက်သူ ၁
- ပန်းဘဲပြုလုပ်သူ
- ရေနံဖော်သူ


တိုက်အိမ်
အခြေခံပညာ မူလတန်းကျောင်း(ခွဲ)
စေတီ
ဘုန်းကြီးကျောင်း
သစ်ပင်

**၁။ တည်နေရာ**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာသည် မြိုင်မြို့၏ မြောက်ဘက် မိုင်(၂၀)အကွာတွင် တည်ရှိပါသည်။ လမ်းမှာမြေသားလမ်းဖြစ်သည်။

**၂။ လူဦးရေနှင့်အိမ်ခြေ**

ကျောက်ကန်ရွာတွင် လူဦးရေ (၃၀၂၆)ဦးရှိပါသည်။ ကျား(၁၄၁၆)ဦး နှင့် မ (၁၆၁၀) ဦးရှိပါသည်။ အိမ်ခြေ (၂၅၇) ရှိပါသည်။ အိမ်ထောင်စုမှာ (၃၁၆) ရှိသည်။

**၃။ ကိုးကွယ်သည့်ဘာသာ**

ကျောက်ကန်ရွာတွင် ဗုဒ္ဓဘာသာအားလုံးကိုးကွယ်ကြပါသည်။ ရွာဦးမြောက်ဘက်တွင်ဘုန်းတော်ကြီးတစ်ကျောင်း၊ ရွာ၏တောင်ဘက်တွင် ဘုန်းတော်ကြီးတစ်ကျောင်း စုစုပေါင်း နှစ်ကျောင်းရှိပါသည်။

**၄။ စီးပွားရေးနှင့်အလုပ်အကိုင်**

တောင်သူလယ်ယာ၊ အရောင်းအဝယ်၊ မွေးမြူရေး လုပ်ကိုင်ကြပါသည်။ ပြည်တွင်းပြည်ပကိုလည်း သွားရောက်စီးပွားရှာသူများလည်းရှိပါသည်။

**၅။ သောက်သုံးရေရရှိမှု**

ကျောက်ကန်ရွာတွင် ရေပေါများသော်လည်း မိလာနှင့်နီးကပ်မှုများရှိ၍ ကျန်းမာရေးအတွက်သောက်သုံးရေ မသန့်ရှင်းပါ။

**၆။ ပိုင်ဆိုင်မှု**

ကျောက်ကန်ရွာတွင် (၃)ဦးသာကားရှိ၍ ဆိုင်ကယ်မှာ (၅၀၀)ခန့်ရှိသည်။ ခိုင်းနွား (၅၄)ကောင်ရှိသည်။ မွေးနွား (၆၀)ကောင်ရှိသည်။ ဝက်အကောင် (၁၀၀)ခန့်ရှိသည်။

**၇။ ပညာရေး**

ကျောက်ကန်ရွာတွင် အလယ်တန်းကျောင်းရှိ၍ (၃)မိုင်ခန့်အကွာတွင် ဘုန်းကြီးကန် အ.ထ.က သို့သွားရောက် ပညာသင်ကြားရပါသည်။ ကျောက်ကန်ကျေးရွာတွင် ကောလိပ်သွားရောက်ကျောင်းတက်ရသည်မှာ မုံရွာနှင့်ပခုက္ကူမြို့တို့ဖြစ်ပါသည်။

**၈။ ကျန်းမာရေး**

ကျောက်ကန်ရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ လက်ယက်မတိုက်နယ်ဆေးရုံသို့သွားရောက်ကုသရပါသည်။

**၉။ မွေးမြူရေး**

ကျောက်ကန်ရွာတွင် နွား၊ ကြက်၊ ဝက်တို့ကို မွေးမြူကြပါသည်။

**၁၀။ လမ်းပန်းဆက်သွယ်ရေး**

ကျောက်ကန်ရွာတွင် လမ်းပန်းဆက်သွယ်ရေးမှာ မြေသွားလမ်းဖြစ်ပါသည်။

**၁၁။ စိုက်ပျိုးရေး**

ကျောက်ကန်ရွာတွင် စိုက်ပျိုးရေးမှာ စပါး၊ ကုလားပဲ၊ ကြက်သွန်၊ ဥယျာဉ်ခြံမြေများ စိုက်ပျိုးပါသည်။

# ကျောက်ကန်ကျေးရွာ၏ လူမှုရေးနှင့်အရင်းအနှီးပြမြေပုံ

အစည်းအဝေးတည်နေရာ – မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

အစည်းအဝေးစတင်ချိန် – (၁ : ၀၀) နာရီ

အစည်းအဝေးပြီးချိန် – (၃ : ၃၀) နာရီ

ရက်စွဲ – ၁. ၁. ၂၀၁၇

ကျောက်ကန်ကျေးရွာတွင် ၁.၁.၂၀၁၇ ရက်နေ့အချိန်တွင် ကျေးရွာမိဘပြည်သူများကိုအစည်းအဝေးဖိတ်၍ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲကြပါသည်။ ကျေးရွာလူကြီးဦးဝင်းမောင်က လူဦးရေနှင့်အိမ်ခြေများ အိမ်ထောင်စုဝင်များပြောပြပါသည်။ ကျောက်ကန်ကျေးရွာ အလယ်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်စန်းဝင်းလည်း ကျောင်းသူ/ သားများစာရင်း ပြောပြပါသည်။သက်ရောက်လာကြသောသက်ကြီးရွယ်အိုများက ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာပြည်သူလူထုအလေးထားတင်ပြမှုကို မှတ်တမ်းတင်ပြုစုပြီး ဌာနဆိုင်ရာများနှင့်နိုင်ငံတကာ (NGO) အဖွဲ့အစည်းတွေကို တင်ပြတောင်းဆိုတာ သိခွင့်ရလို့လျှပ်စစ်မီးနှင့်သောက်ရေများ ရမည့်နေရာကို လာရောက်စမ်းသပ်တူးဖော်ပေးစေခြင်သည်ဟု အများသဘောတူလက်မှတ်ရေးထိုးကြပါသည်။

မှတ်တမ်းရေးသူ


ဒေါ်ငွေးသေး

## အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးဝင်းမောင်
၂။ ဦးကြည်လင်
၃။ ဦးယဉ်မင်းစိုး
၄။ ဦးကြည်နွယ်
၅။ ဒေါ်စန်းဝင်း
၆။ ဒေါ်ငွေးသေး
၇။ ဒေါ်စန်းမြင့်
၈။ ဦးသန်းအောင်
၉။ ဦးဇော်မျိုးထွန်း
၁၀။ ဦးမင်းမင်း
၁၁။ ဦးကောင်းရှင်
၁၂။ ဦးနိုင်စိုး
၁၃။ ဦးချစ်ခင်
၁၄။ ဦးမောင်မြင့်
၁၅။ ဒေါ်အမာကြည်
၁၆။ ဒေါ်မြရီ
၁၇။ ဒေါ်စန်းညွှန့်
၁၈။ ဒေါ်ညိုစန်း
၁၉။ ဒေါ်ဒေါ်တိုး
၂၀။ ဒေါ်လှဲ့လှဲ့ဝင်း
၂၁။ ဦးဖိုးသား
၂၂။ ဦးကျန်ခိုင်
၂၃။ ဦးပြည့်
၂၄။ ဦးကောက်
၂၅။ ဦးသံချောင်း

ရာသီဥတုပြဇယား


တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
တစ်နှစ်ဝင်ငွေ
အခက်အခဲပြဿနာ
၅၀၀၀
၉၀၀၀၀
၇၀၀၀၀

## မြိုင်မြို့နယ်၊ ကျောက်ကန်ရွာ၊ ရာသီခွင်ပြဇယားအစီရင်ခံစာ

ကျောက်ကန်ကျေးရွာသည် တောင်သူလုပ်ငန်းဦးစားပေးလုပ်ကိုင်ကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ တပေါင်း၊တန်ခူးလများတွင် စိုက်ပျိုးရန်ထွန်ယက်သောလများဖြစ်သည်။

ကဆုန်မိုးနူး၍ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် သီးနှံများစိုက်ပျိုးပြီး ပေါင်းမြက်ယ်များပေါင်းသင်နေကြပါသည်။

တော်သလင်း၊ သီတင်းကျွတ်လများတွင် ကုလားပဲစိုက်ကြပါသည်။တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးသီးနှံများ သက်ငယ်၊သက်ကြီးစပါးမျိုးလိုက်၍ သိမ်းယူကြသည်။ လက်လုပ်လက်စားများ ဝင်ငွေအသင့်အတင့်ရှိကြသည်။

ပြာသို၊ တပို့တွဲလများတွင် ကုလားပဲများသိမ်းယူရန် စောင့်ဆိုင်းနေကြပါသည်။

# ကျောက်ကန်ကျေးရွာ ရာသီစွင်ပြဇယားမှတ်တမ်း

စည်းအဝေးတည်နေရာ - မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

စည်းအဝေးစတင်ချိန် - (၁ း ၀၀) နာရီ

စည်းအဝေးပြီးချိန် - (၃ း ၃၀) နာရီ

ရက်စွဲ - ၁၂. ၁. ၂၀၁၇

ကျောက်ကန်ကျေးရွာ၏ ၁၂.၁.၂၀၁၇ ရက်နေ့တွင် ရာသီစွင်(၁၂)လအတွက် တိုင်ပင်ဆွေးနွေးကြပါသည်။ ရွာ၏နာယက ဦးကြည်လင်က တန်ခူးလတော့သီးနှံစိုက်ပျိုးရန် ထွန်ယက်နေသည်။ကဆုန်၊နယုန်လကြမှ မိုးနှုးတဲ့လမှစိုက်ကြသည်လို့ပြောပါသည်။ဦးယဉ်မင်းနိုးမှလည်း ပေါင်းနုများကိုစတင်ပေါင်းသင်ရသည်မှည ဝါဆိုမှာစသည်ဟု ပြောပါသည်။ ဒေါ်ရွှေသေးက စိုက်စရိတ်၊ ပေါင်းနုတ်စရိတ်များ ကုန်ကျကြပါသည်။ ဦးစော်မျိုးထွန်းကလည်း တန်ခူးလမှာစပြီး သီတင်းကျွတ်လကူးသည်အထိ မြေပံစတင်သိမ်းယူသည်အထိ ကိုယ်မှာငွေလုံလောက်မှုမရှိသဖြင့် မြို့နေလူတန်းစားညီအစ်ကိုများမှ သော်လည်းကောင်း၊ နိုင်ငံတော်စိုက်ဘဏ်၊ သမဘဏ်တို့ကိုချေးယူပြီး သီးနှံမပေါ်မီခက်ခဲစွာနေထိုင်စားသောက်ကြရသည်။ ဒေါ်ညိုကလည်း မိန်းမသားဦးစီးတဲ့မိသားစု တောင်သူလုပ်ငန်းကရတာနှင့်ကျန်ကျသာ တစ်နှစ်ကိုတွက်ရင် (၃၀၀၀၀) လောက်ပိုသည်။ တောင်သူဦးကြီးများမှလည်း သီးနှံဖျက်ပိုးများကြောက်တတ်ကြောင်း၊ ခိုင်းနွားများနွာနာ၊ လျှာနာ၊ ဝက်များ ခြေပုတ်လက်ပုတ်ဖြစ်သည်။ လက်လုပ်လက်စားများကဝင်ငွေထွက်ငွေ ညီမျှကြသည်ကို ကျေးရွာသူ/သားများက ပြောကြသည်။

စာရေးသူ

ကိုကြည်နွယ်


# အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးဝင်းမောင်
၂။ ဦးချိုဆန်း
၃။ ဦးမြည်
၄။ ဦးလင်းအောင်
၅။ ဦးကျန်နိုင်
၆။ ဦးခင်ဖြိုးဦး
၇။ ဦးကျော်မင်း
၈။ ဦးမောင်မြင့်
၉။ ဦးကြည်လင်
၁၀။ ဦးမိုးဝင်း
၁၁။ ဦးမိုး
၁၂။ ဦးကျော်လှိုင်
၁၃။ ဦးနတ်စိန်
၁၄။ ဦးဝင်းနွယ်
၁၅။ ဦးကြည်နွယ်
၁၆။ ဒေါ်အမာကြည်
၁၇။ ဒေါ်စန်းမြင့်
၁၈။ ဒေါ်မြရီ
၁၉။ ဒေါ်ငွေးသေး
၂၀။ ဒေါ်လှဲလှဲဝင်း
၂၁။ ဒေါ်မိုးဆိုင်
၂၂။ ဒေါ်တင်မာဝင်း
၂၃။ ဦးညာ
၂၄။ ဦးထွန်းမော်
၂၅။ ဦးထွန်းဖော်
၂၆။ ဒေါ်သင်
၂၇။ ဒေါ်တင်ထွေး
၂၈။ ဒေါ်ခင်သိန်း
၂၉။ ဒေါ်ခင်ငွေး
၃၀။ ဦးယဉ်အောင်

ကျောက်ကန်ကျေးရွာ၏ ပြဿနာကိုပြန်လည်ဆန်းစစ်ခြင်းဇယား

နေ့စွဲ ၁၅.၈.၂၀၀၇



## ကျောက်ကန်ကျေးရွာပြဿနာကို ပြန်လည်ဆန်းစစ်ခြင်း အစီရင်ခံစာ

ကျောက်ကန်ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလိုအပ်နေပါသည်။ နေ့စဉ်ထင်း ရှာဖြတ်နေကြသဖြင့် ထင်းမီးဖိုသာအသုံးပြုကြပါသည်။

အိမ်ခြေ(၂၅၇)ဆိုလျှင် အိမ်ရှိကျေးရွာ တွင်တစ်အိမ်(၃)နှစ်သာအရွယ်ရှိသော သစ်ပင်တစ်ပင်ခုတ်လှဲဖြုန်းတီးလိုက်ပါသည်။ အိမ်ခြေ(၂၅၇)ဆိုလျှင် သစ်ပင်(၁၀၀)ကျော်ကုန်သွားပါသည်။ (၁)နှစ်ကို (၃၉၉၉၆)ပင်နှုန်းဖြုန်းတီးခြင်းအတွက် မိုးခေါင်ရေရှားခြင်း၊ အပူလွန်ကဲခြင်းဖြစ်ရန် လူ၊ တိရစ္ဆာန်များကောင်းကျိုးမရှိပါ။

ကျေးရွာတွင် လျှပ်စစ်မီးရရှိပါက သစ်တောဖြုန်းတီးမှုနည်းရန် ရာသီဥတုသင့်တင့်ကောင်းလာပါမည်ဖြစ်ကြောင်း၊ စိုက်ပျိုးအပွင့်အသီးများအတွက် အချိန်မှီမိုး၊ လောင်မိုးတွေရရှိလျှင် သီးနှံများရကြပါကြောင်း၊ ရွာဝလျှင်ကြက်ဝေဖြစ်ပြီး လက်လုပ်လက်စားပြေလည်လာမည်။ လုပ်ငန်းရှင်များလည်း ဒီဇယ်၊ ဓါတ်ဆီမလိုအပ်ရန် ပိုမိုရဲ့ထွင်ကြမည်။ လုပ်ငန်းများကြီးမားလျှင် လုပ်အားခမြင့်တက်လာမည်။ ကျေးရွာသူ/သားများအားနှင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

စာရေးသူ

ဦးကြည်နွယ်

# ကျောက်ကန်ကျေးရွာ၏ ပြဿနာဆန်းစစ်ခြင်း

နေရာ - မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

အစည်းအဝေးစတင်ချိန် - (၂ : ၀၀) နာရီ

အစည်းအဝေးပြီးချိန် - (၄ : ၀၀) နာရီ

ရက်စွဲ - ၁၅. ၁. ၂၀၁၇

ကျောက်ကန်ကျေးရွာတွင် ၁၅.၁.၂၀၁၇ ရက်နေ့အချိန်တွင် ကျေးရွာသူ/သားများ တိုင်ပင်အစည်းအဝေးပြုလုပ်ကျပါသည်။ သက်ရောက်လာသော ဦးကြည်လင်မှကျောက်ကန် ကျေးရွာမှာ လျှပ်စစ်မီးလိုအပ်နေပါသည်။ နေ့စဉ်၊လစဉ် ချက်ပြုတ်နေကြသဖြင့် ထင်းမီးကိုအသုံး ပြုကြပါ၍ သစ်ပင်များခုတ်လဲကြရသည်။ တစ်နေ့ကိုထမင်းဟင်းနှင့်သောက်ရေကို ကျိုချက်လျှင် သစ်ပင်တစ်ပင်နှင့်ထွက်ပါက ကျေးရွာ၏အိမ်ခြေ (၂၅၇)ကိုအပင်(၂၅၇)ကျော် ပြုန်းတီးမှုဖြစ် ကြောင်းဖြစ်ပါသည်။

ကျေးရွာကတောင်သူများသည် ရာသီဥတုတောတောင်ကို မီးကြောင်းအဖိုးအဖွားများ ကပြောခဲ့ကြောင်း အားလုံးကတင်ပြကြပါသည်။

စာရေးသူ

ဒေါ်ငွေးသေး

## အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးဝင်းမောင်
၂။ ဦးပြည့်
၃။ ဦးမိုးအောင်
၄။ ဦးနိုင်ဖြိုးဦး
၅။ ဦးလင်းအောင်
၆။ ဦးကြည်နွယ်
၇။ ဦးမိုးအောင်
၈။ ဦးစံဝင်း
၉။ ဦးကြည်လင်
၁၀။ ဦးယဉ်မင်းစိုး
၁၁။ ဦးမင်းမင်း
၁၂။ ဦးမျိုးဝင်း
၁၃။ ဦးယဉ်အောင်
၁၄။ ဦးမိုးဆို
၁၅။ ဦးမိုးဝင်း
၁၆။ ဦးဇော်မျိုးထွန်း
၁၇။ ဦးကျော်ဖေ
၁၈။ ဦးမောင်ညွန့်
၁၉။ ဦးသာဝ
၂၀။ ဦးစံမောင်
၂၁။ ဦးအေးလွင်
၂၂။ ဦးနိုင်လင်း
၂၃။ ဦးရဲဝင်း
၂၄။ ဦးဝင်းချို
၂၅။ ဦးဆန်း
၂၆။ ဦးစက်ပို


အမည်

၂၇။ ဦးဆန်းဝင်း
၂၈။ ဦးသိန်းဇော်
၂၉။ ဦးသိန်းမြင့်
၃၀။ ဦးနေမျိုးကျော်
၃၁။ ဒေါ်အမာကြည်
၃၂။ ဒေါ်စန်းမြင့်
၃၃။ ဒေါ်ရွှေသေး
၃၄။ ဒေါ်ယဉ်ယဉ်အေး
၃၅။ ဒေါ်ဝါတင်
၃၆။ ဒေါ်မာဦး
၃၇။ ဒေါ်ခင်စန်းကြည်
၃၈။ ဒေါ်သန်းနု
၃၉။ ဒေါ်ရွှေ
၄၀။ ဒေါ်စန်းအေး
၄၁။ ဒေါ်အေးအေးသင်း
၄၂။ ဒေါ်ညိုညို

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်

ကျောက်ကန်အုပ်စု ကျောက်ကန်ကျေးရွာ၏ ကျွန်ုပ်တို့မှာတိုမှု ပြဿနာ

သစ်ပင် ရေးဆွဲခြင်း



# ကျောက်ကန်ကျေးရွာ၏ ပြဿနာသစ်ပင်

ကျောက်ကန်ကျေးရွာသည်မိုးနည်း၍ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည်။ သောက်ရေပေါ်များသော်လည်း ရရှိသည့်ရေသည်မိလ္လာနှင့်နီးကပ်သောကြောင့် ကျန်းမာရေး ဝမ်းရောဂါများအဖြစ်များပါသည်။ သောက်ရေကောင်းမရှိသဖြင့် ကျန်းမာရေးယခုထိ စိုးရိမ်နေရပါသည်။

ကျေးရွာဖွံ့ဖြိုးရန်လည်း လူငယ်လူလတ်များ မိမိတို့စားဝတ်နေရေးအတွက် ပြည်တွင်းပြည်ပသို့ထွက်၍ လုပ်ကိုင်ကြသည်။

ကျေးရွာသူ/သားများ၏သောက်ရေမသန့်ရှင်းမှုကြောင့် အသက်အန္တရာယ်ကိုထိခိုက် မှာစိုးရိမ်နေကြရပါသည်။ သောက်ရေကောင်းရရှိပါက ကျန်းမာရေး၊ ပညာရေးတိုးတက်မြင့်မားလာ၍ကျေးရွာအကျိုး၊ နိုင်ငံအကျိုးဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်နိုင်ပါမည်။

# ကျောက်ကန်ကျေးရွာ၏ ပြဿနာသစ်ပင်မှတ်တမ်း

နေရာ – မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

အစည်းအဝေးစတင်ချိန် – (၁း ၀၀) နာရီ

အစည်းအဝေးပြီးချိန် – (၃း ၀၀) နာရီ

ရက်စွဲ – ၁၇. ၁. ၂၀၁၇

ကျောက်ကန်ကျေးရွာတွင် ၁၇.၁.၂၀၁၇ ရက်နေ့အချိန်တွင် ပြဿနာသစ်ပင် ညှိနှိုင်းဆွေးနွေးပွဲတွင် ဦးဝင်းမောင်မှာရေမသန့်ရှင်းခြင်းအကြောင်းကို တက်ရောက်လာကြသော ကျေးရွာသူ/ သားများအား တိုင်ပင်ဆွေးနွေးသောအခါ ဦးမျိုးဝင်းကမိလ္လာနှင့်ရေတွင်းများ နီးကပ်မှုကြောင့် ရေကောင်းရေသန့်မရ၍ ကျန်းမာရေးများထိခိုက်နေပါသည်ဟုပြောပါသည်။ တက်ရောက်လာသော မိန်းမသားများမှလည်း မိမိတို့သားသမီးငယ်များ ဗိုက်အောင့်ဗိုက်နာမှုများခံစားနေသောအခါ ကျေးလက်ကျန်းမာရေးဆေးဆရာမနှင့် တိုင်ပင်သောအခါရေမသန့်ရှင်းသောကြောင့်ဟု ပြောပါသည်။

ကျေးလက်ဆရာမကလည်း ရေသန့်ရရှိမှုနှင့်ပတ်သက်၍ မြို့နယ်သို့တင်ပြတောင်းဆိုသွားမည်ဟုပြောပါသည်။ ဒီရေသန့်ရရှိရေးအတွက် တင်ပြတောင်းခံမည်ဟုပြောပြီး အစည်းအဝေးကို အဆုံးသတ်လိုက်ကြပါသည်။

စာရေးသူ

မြင့်နိုင်ဝင်း

CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးဝင်းမောင်

၂။ ဦးမျိုးဝင်း

၃။ ဦးကြည်လင်

၄။ ဦးယဉ်မင်းစိုး

၅။ ဦးယဉ်အောင်

၆။ ဦးကြည်နွယ်

၇။ ဦးကောင်းရှင်

၈။ ဒေါ်ခင်

၉။ ဒေါ်မိ

၁၀။ ဒေါ်သန်းမို

၁၁။ ဦးကြည်

၁၂။ ဦးနိုင်ဝင်း

၁၃။ ဦးဇော်မျိုးထွန်း

၁၄။ ဦးကောက်

၁၅။ ဦးစံပေါ

၁၆။ ဦးသံချောင်း

၁၇။ ဦးဖိုးဇော်

၁၈။ ဦးအောင်စိုး

၁၉။ ဦးမြင့်ရီ

၂၀။ ဦးချိုဆန်း

၂၁။ ဦးဆိုင်

၂၂။ ဦးကျန်ခင်

၂၃။ ဦးဖိုးကြိုင်

၂၄။ ဦးမြင့်စိန်

# ကျောက်ကန်ကျေးရွာ၏ အခွင့်အလမ်းပြအစီရင်ခံစာ

အစည်းအဝေးစတင်ချိန် – (၂း ၀၀) နာရီ

အစည်းအဝေးပြီးချိန် – (၃း ၀၀) နာရီ

ရက်စွဲ – ၁၈. ၁. ၂၀၁၇

ကျောက်ကန်ကျေးရွာတွင် တောင်သို့သွားလျှင်(၃)မိုင်ခန့်အကွာတွင် ဘုန်းကြီးကန် အ.ထ.က ကျောင်းသို့ကျောင်းသူ/သားများသည် ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်စသည်တို့ဖြင့် အချိန်နာရီကို ယာဉ်အလိုက်ကြာမြင့်စွာ သွားလာနေရပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် ပုလဲမြို့နယ်၊ ကျေးရွာ၏အရှေ့မြောက်ဘက်တွင် ကျားတက်မှမုံရွာသို့သွားရပါသည်။

ကျေးရွာ၏တောင်ဘက်တွင် အုပ်စုတွင်းရွာများ ကျောင်းရပ်၊ သီတင်းပင်သွားရမည့် ကိစ္စရှိပါက ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင်သွားရပါသည်။

စာရေးသူ

ကြည်နွယ်

# ကျောက်ကန်ကျေးရွာ၏ ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြမြေပုံဇယား

နေရာ – မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

အစည်းအဝေးစတင်ချိန် – (၁ း ၀၀) နာရီ

အစည်းအဝေးပြီးချိန် – (၃ း ၀၀) နာရီ

ရက်စွဲ – ၂၇. ၁၂. ၂၀၁၇

ကျောက်ကန်ကျေးရွာတွင် ၂၇.၁၂.၂၀၁၇ ရက်နေ့အချိန်တွင် ကျေးရွာလူထုကို အစည်းအဝေးခေါ်ရာတွင် ဦးချိုဆန်းမှရွာ၏တောင်ဘက်(၃)မိုင်ခန့်အကွာ ဘုန်းကြီးကန်အ.ထ.က ကျောင်းရှိသည်ဟုပြောပါသည်။

ရွာ၏တောင်ဘက် (၁)မိုင်ခန့်အကွာတွင် သီတင်းပင်ကျေးရွာရှိသည်ဟု ဦးယဉ်အောင်မှပြောပါသည်။ ကျောက်ကန်ကျေးရွာ၏ အနောက်ဘက်(၁)မိုင်အကွာတွင် ကျောက်တောင်ကျေးရွာရှိသည်ဟု ဦးမိုးဝင်းမှပြောပါသည်။ ကျေးရွာ၏အရှေ့ဘက်(၁)မိုင်အကွာတွင်ကင်းကဲ၊ (၂)မိုင်အကွာတွင်ဘန့်ဘိုးရှိသည်ဟု မဝါမှပြောပါသည်။

စာရေးသူ

ဒေါ်ငွေးသေး

# အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်


၁။ ဦးဆန်းလွင်
၂။ ဦးမျိုးမြင့်ဝင်း
၃။ ဦးမောင်လှိုင်
၄။ ဦးအောင်နိုင်
၅။ ဦးညီဝင်းနိုင်
၆။ ဦးဖိုးဆိုး
၇။ ဦးဖိုးပေါက်
၈။ ဦးထွန်းမြင့်နိုင်
၉။ ဦးကျော်ဝင်း
၁၀။ ဦးထွန်းဝင်း
၁၁။ ဦးထွန်းနိုင်
၁၂။ ဦးသိန်းနွယ်
၁၃။ ဦးမောင်မျိုး
၁၄။ ဦးသိန်းတင့်
၁၅။ ဦးမောင်ကျော်
၁၆။ ဒေါ်စန်းမြင့်
၁၇။ ဒေါ်ငွေးခင်
၁၈။ ဒေါ်မဝါ
၁၉။ ဒေါ်ဖြူနုအေး
၂၀။ ဒေါ်အေးသင်း
၂၁။ ဦးမိုးဝင်း

# ကျောက်တန်းကျေးရွာ၏ အိမ်မက်မြေပုံ အစီရင်ခံစာ

ကျောက်တန်းကျေးရွာလေးမှာဖြစ်ချင်သော အိမ်မက်ဆန္ဒကိုတော့ ရှုငြိကျောင်းမှာ ဆွေးနွေးသိလာအောက်တည် ပွဲခန်းပွဲများနှင့်နှစ်စဉ်နှင့်အတူ ထုတ်ဖော်နေပါသည်။

- ကျောက်တန်းမြို့လမ်းကြောင်းကိုလည်း သုံးလမ်းသွားကောင်းနှင့်တဲ့ ကတ္တရာလမ်းနှင့် လျှပ်စစ်ကွန်ကရစ်မီးတိုင်များနှင့် အဆင့်မြင့်ဆောက်ထားတဲ့ မီးကြိုးအသုံးပြုပြီး လျှပ်စစ်အလင်းရောင်များဖြစ်ပါသည်။
- ကျေးရွာ၏အရှေ့ဘက်တွင် ဟင်းသီးဟင်းရွက်၊ ဆန်၊ ဆီ၊ ဆား၊ ငါး ရောင်းဝယ်စသည့် မြန်မာ့စားသောက်စရာဈေးတစ်ခုဖြစ်ပါသည်။
- ကျေးရွာ၏မြောက်ဘက်တွင် ပုလဲမြို့နယ်နှင့်ယမားချောင်းကူးတံတား သို့မဟုတ်ကွန်ကရစ်ရေကျော်လမ်းများဖြစ်ပါသည်။
- ကျေးရွာတွင်သင့်လျော်သော တိုက်အိမ်တွေရှိပြီး လျှပ်စစ်မီး၊ သောက်ရေသန့်၊ အိမ်တွင်း၊ အိမ်ပြင်စည်းကမ်းတကျ အသုံးပြု၍ပြည်တွင်းပြည်ပပညာရှင်များ လာရောက်ကူညီလည်ပတ်၍ မြင့်မားသောကျေးရွာတစ်ရွာဖြစ်ချင်ပါသည်။
- အမျိုးကောင်းသား/အမျိုးသမီးပျိုတို့တစ်တွေအားလုံးပြီးပြည့်စုံတဲ့ အိမ်ထောင်ဘက်များနှင့်လက်ထပ်ပွဲများလည်း စည်ပရိတ်သတ်များနှင့် ထာဝရကျက်သရေမင်္ဂလာရှိသော ကျေးရွာတစ်ရွာဖြစ်ချင်ပါသည်။

စာရေးသူ
မြင့်နိုင်ဝင်း



## ကျောက်ကန်ကျေးရွာ၏ အိမ်မက်မြေပုံမှတ်တမ်း

| | |
|---|---|
| နေရာ | - မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ် |
| အစည်းအဝေးစတင်ချိန် | - (၁ း ၀၀) နာရီ |
| အစည်းအဝေးပြီးချိန် | - (၃ း ၂၀) နာရီ |
| ရက်စွဲ | - ၃. ၁. ၂၀၁၇ |

- ကျောက်ကန်ကျေးရွာတွင် အိမ်မက်မြေပုံရေးဆွဲကြပါသည်။ သက်ကြီးရွယ်အိုများက အလှူ့ဒါနသီလယူကြ ပဋ္ဌာန်းနာကြချင်သည်ဟုပြောပါသည်။

- အမျိုးသမီးတစ်ဖို့နှင့် ဆယ်အိမ်မှူးဦးသံချောင်းတို့က လျှပ်စစ်မီး၊ လမ်းတံတား သုံးလမ်းမောင်းကတ္တရာတာရှည်ခံ မီးကြိုးမီးတိုင်များနှင့် မျှော်လင့်ထားတယ်လို့ ဒေါ်နိုင်မှပြောပါသည်။

- ရွာ၏လမ်းတိုင်းတွင် ကတ္တရာလမ်းများ အထက်တန်းကျောင်းရွာ၏ အရှေ့ဘက်တွင်မြန်မာ့စားသောက်ကုန်ဈေးတစ်ခု မျှော်မှန်းထားတယ်လို့ ဦးမိုးအောင်မှပြောပါသည်။

- ကျေးရွာ၏အုပ်ချုပ်ရေးမှူးကလည်း အားလုံးဆန္ဒရှိသလို ကျွန်တော်လည်းမျှော်လင့်ထားတယ်လို့ပြောပါသည်။

စာရေးသူ

ကြည်နွယ်

## အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးကောင်းရှင်

၂။ ဦးသံချောင်း

၃။ ဦးနိုင်စိုး

၄။ ဦးစိုးမြင့်

၅။ ဦးနိုင်ဝင်း

၆။ ဦးအေးလွင်

၇။ ဦးနိုင်လင်း

၈။ ဦးမြင့်

၉။ ဦးဗိုလ်စိန်

၁၀။ ဦးမိုးအောင်

၁၁။ ဦးမြင့်လွင်

၁၂။ ဦးသာဝ

၁၃။ ဦးဖိုးကျင်

၁၄။ ဦးဆန်းဝင်း

၁၅။ ဦးကြည်နွယ်

၁၆။ ဦးဝင်းဗိုလ်

၁၇။ ဦးသိန်းမြင့်

၁၈။ ဦးကျော်နွယ်


၁၉။ ဦးဇော်လင်း

၂၀။ ဦးသန်းထွန်း

၂၁။ ဒေါ်ခိုင်

၂၂။ ဒေါ်သန်းငွေ

၂၃။ ဒေါ်ကြည်ဦး



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်ကန်အုပ်စု၊ ကျောက်ကန်ကျေးရွာ
ထူးခြားဖြစ်စဉ်ပြဇယား

| စဉ် | ခုနှစ် | အကြောင်းအရာ | ကောင်းကျိုး | ဆိုးကျိုး |
|---|---|---|---|---|
| ၁ | ၁၃၅၄ | လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းနှင့် မိုးသည်းထန်ခြင်း | - | အိုးအိမ်မြေပျက်စီး စိုက်ပျိုးသီးနှံပျက်စီးဆုံးရှုံး |
| ၂ | ၁၃၇၄ | သွေးလွန်တုတ်ကွေး ရောဂါဖြစ်ပွားခြင်း | - | အသက်ဆုံးရှုံး |
| ၃ | ၁၃၇၅ | ချောင်းရေတိုက်စားခြင်း | - | လယ်ယာ / ယာခြံ စိုက်ပျိုးသီးနှံ ပျက်စီးဆုံးရှုံး |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်ကန်အုပ်စု ကျောက်ကန်ကျေးရွာ ထူးခြားဖြစ်စဉ်သုံးသပ်ချက်

**၁။ လေပြင်းမုန်တိုင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းခြင်း**

မြိုင်မြို့နယ်၊ ကျောက်ကန်အုပ်စု၊ ကျောက်ကန်ကျေးရွာတွင် ၁၃၅၄ခုနှစ်၌ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသီးမိုးပေါက်သည်းထန်စွာ ကျရောက်ခဲ့ပါသည်။

လေပြင်းထန်စွာတိုက်ခဲ့သောကြောင့် အိမ်များပြိုခြင်း၊ သစ်ပင်များလဲ၍တိရစ္ဆာန်များအပေါ်ပိပြီးသေဆုံးခြင်းပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ၎င်းအပြင်မိုးသည်းထန်စွာရွာသွန်းသည့်အတွက် လယ်/ယာမြေများ စိုက်ပျိုးထားသောကောက်ပဲသီးနှံများနှင့် ဥယျာဉ်ခြံမြေများပျက်စီးဆုံးရှုံးမှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

**၂။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်း**

မြိုင်မြို့နယ်၊ ကျောက်ကန်အုပ်စု၊ ကျောက်ကန်ကျေးရွာတွင် ၁၃၇၄ခုနှစ်၌ မိုးရာသီတွင်သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားခဲ့ပါသည်။


ကျောက်ကန်ကျေးရွာတွင် ၁၃၇၄ ခုနှစ်၌ မိုးရာသီအချိန်ကာလတွင်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းကြောင့် ကလေးသူငယ်များအသက်ဆုံးရှုံးမှုနှင့်ကြုံတွေ့ရခြင်းသည် မိုးတွင်းကာလဖြစ်၍လမ်းများသည်လည်း မြေသားလမ်းများဖြစ်ပြီး ဆိုင်ကယ်/ကားဖြင့် သွားလာရန်လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် မဖြစ်သင့်သောအကြောင်းအရာများဖြစ်ပွားခဲ့ရမှုနှင့် မဆုံးရှုံးသင့်သော အကြောင်းအရာများဆုံးရှုံးခဲ့ရမှု အခက်အခဲများကို ရင်ဆိုင်ခံစားခဲ့ရပါသည်။

**၃။ ချောင်းရေတိုက်စားခြင်း**

ကျောက်ကန်ကျေးရွာတွင် ၁၃၇၅ခုနှစ်၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါသည်။

၁၃၇၅ခုနှစ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုကြောင့် လယ်၊ ယာ၊ မြေများ၊ ဥယျာဉ်၊ ခြံမြေများနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးသည့်အတွက် ကျောက်ကန်ကျေးရွာတွင် နေထိုင်ကြသောကျေးရွာသူ/သားများမှာ စားဝတ်နေရေးအခက်အခဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ယခင်ကာလမှယခုလက်ရှိကာလအချိန်အထိ ခံစားနေရပါသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်တန်း
ကျောက်တန်ကျေးရွာ လူမှုကာကွယ်
စောက်ကြောက်မှုအခြေအနေ



## အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးမိုး
၂။ ဦးကျန်ခိုင်
၃။ ဦးအောင်ဌွေး
၄။ ဦးကျော်ဌွေး
၅။ ဦးချစ်သန်း
၆။ ဦးရွှေမောင်
၇။ ဦးဝင်းဖော်
၈။ ဦးဝင်းမြင့်
၉။ ဦးအောင်မြင့်
၁၀။ ဦးဘထိန်း
၁၁။ ဦးတင်ညိမ်း
၁၂။ ဦးအောင်ကို
၁၃။ ဦးချစ်ဦး
၁၄။ ဦးမောင်ငယ်
၁၅။ ဦးမိုးမင်း
၁၆။ ဦးအောင်ပိုင်
၁၇။ ဒေါ်ခင်ပြည့်
၁၈။ ဒေါ်ပေါ်တင်
၁၉။ ဒေါ်အုံးမေ
၂၀။ ဒေါ်ကြည်မြင့်
၂၁။ ဒေါ်သိန်းမြင့်
၂၂။ ဒေါ်ဝင်းဌွေး

# လူမှုကာကွယ်စောင့်ရှောက်မှုပြအစီရင်ခံစာ

| | | |
|---|---|---|
| နေရာ | - | မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ် |
| အစည်းအဝေးစတင်ချိန် | - | (၁ း ၀၀) နာရီ |
| အစည်းအဝေးပြီးချိန် | - | (၃ း ၂၀) နာရီ |
| ရက်စွဲ | - | ၄. ၁. ၂၀၁၇ |

၁။ ကျောက်ကန်ကျေးရွာသူ/ ရွာသားများသည် တောသူတောသားများဖြစ်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းကတော့ ဆင်းရဲမွဲတေစွာလုပ်ကိုင်ကြရသည်။ ယောကျ်ားများက အလုပ်အကိုင်အခွင့်အလမ်း၅ပုံ/ ၄ပုံ ရှိသည်။ မိန်းမသားများကတော့ ၅ပုံ/ ၃ပုံသာရှိသည်။

၂။ ခေါင်းဆောင်မှုအခြေအနေမှာ ယောကျ်ားများကဦးဆောင်လျှက် မိန်းမသားခေါင်းဆောင်မှုက ၅ပုံ/ ၁ပုံ သာရှိသည်။

၃။ ဝင်ငွေရှာဖွေနိုင်မှုမှာကျေးရွာဖြစ်သဖြင့် တောအလုပ်ကြမ်းအင်အားသုံးရ၍ ယောကျ်ားများက ဝင်ငွေ၅ပုံအားလုံးရှာနိုင်သော်လည်း မိန်းမသားများကအင်အားသုံးအလုပ်ကြမ်း အလေ့အကျင့်မရှိသဖြင့် ၅ပုံ/ ၂ပုံသာရှိပါသည်။

၄။ အိမ်မှုကိစ္စမှာမိန်းမသားများက ၅ပုံလုံးဆောင်ရွက်ကြသည်။ ယောကျ်ားများကတော့၅ပုံ/ ၂ပုံသာဆောင်ရွက်နိုင်ကြသည်။

၅။ ပညာရေးတက်မြောက်မှုမှာ မိဘတိုင်းကမိသားစုအတွက်၊ တိုင်းပြည်အတွက်သား/ သမီးမခွဲခြားဘဲပညာတက်စေချင်သည်။ ပညာရေးမှာတန်းတူညီမျှရှိပါသည်။

၆။ ရပ်ရွာကိစ္စဆုံးဖြတ်နိုင်စွမ်းမှာ မိန်းမသားများက၅ပုံ/ ၂ပုံရှိပြီး ယောကျ်ားများ၏ဆုံးဖြတ်ချက်မှာအားလုံးဖြစ်ပါသည်။

၇။ ပူးပေါင်းပါဝင်မှုမှာ သာရေး၊နာရေး၊ရပ်ရွာအရေးများ ပူးပေါင်းပါဝင်မှုမှာ အားလုံးတန်းတူဖြစ်ပါသည်။

# လူမှုကာကွယ်စောင့်ရှောက်မှုမှတ်တမ်း

နေရာ – မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၊ ယာယီမှူးအိမ်

အစည်းအဝေးစတင်ချိန် – (၁ း ၃၀) နာရီ

အစည်းအဝေးပြီးချိန် – (၄ း ၀၀) နာရီ

ရက်စွဲ – ၅. ၁. ၂၀၁၇

– ကျောက်ကန်ကျေးရွာတွင် တောသူတောင်သားများဖြစ်ကြ၍ ဆင်းရဲစွာလုပ်ကိုင်ရသဖြင့်ယောကျ်ားများ၏ အလုပ်အကိုင်အခွင့်အလမ်းမှာ မိန်းမများထက် ၂ပုံပို၍လုပ်ကိုင်ကြရသည်ဟုဦးကြည်လင်မှပြောပါသည်။ ခေါင်းဆောင်မှုမှာ မိန်းမများထက်ယောကျ်ားများကသာပို၍ဦးဆောင်ရသည်ဟုဆရာကြီးဦးအောင်ခိုင်မှ ပြောပါသည်။ ဝင်ငွေရှာဖွေမှုမှာလည်း ယောကျ်ားများကမိန်းမများထက် ၅ပုံ/၃ပုံ ပို၍ရှာဖွေရသည်ဟု ဦးကျော်စိန်မှပြောပါသည်။

စာရေးသူ

မြင့်ခိုင်ဝင်း

CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

အမည်

၁။ ဦးဆန်းတင်

၂။ ဦးကြည်လင်

၃။ ဦးကုလား

၄။ ဦးစိုးသူ

၅။ ဦးကျော်မောင်

၆။ ဦးဖိုးထွေး

၇။ ဦးအောင်လင်း

၈။ ဦးကျန်ပိုင်

၉။ ဦးစံပြုံး

၁၀။ ဦးဇင်မျိုး

၁၁။ ဦးစန်းဝင်း

၁၂။ ဦးကျော်စိန်

၁၃။ ဦးစန်းကြိုင်

၁၄။ ဦးကျော်ရွှေ

၁၅။ ဒေါ်ခင်ငွေး

၁၆။ ဒေါ်မိုးရီ

၁၇။ ဒေါ်အိငွေး

၁၈။ ဒေါ်စန်းငွေး

၁၉။ ဒေါ်မြဝင်း

၂၀။ ဒေါ်ဝေမာ

၂၁။ ဒေါ်တင်ဦး

၂၂။ ဒေါ်သန်းဆင့်

၂၃။ ဦးအောင်ခိုင်

၂၄။ ဦးဇော်သန်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ
ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက်

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်း ကုန်ကျစရိတ် ကျပ်သိန်း | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေလိုအပ်မှု(ကျပ်သိန်း) | | | | အကျိုးပြု အိမ်ထောင်စု | စီမံကိန်း လွှမ်းခြုံမည့် ဧက ဦးရေ ရွာ | ကျေးရွာ ဦးစားပေး အဆင့် | လုပ်ငန်း တိုးတက်မှု အခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ ထည့်ဝင်မှု ကျပ်သိန်း | နိုင်ငံတော် ဆောင်ရွက် ပေးရန် ကျပ်သိန်း | နိုင်ငံခြား အကူအညီ အထောက် အပံ့ကျပ်သိန်း | စုစုပေါင်း ကျပ်သိန်း | | | | |
| ၁ | လျှပ်စစ်မီး | ကျပ်သိန်း ၂၀၀၀ | သဲ ကျောက် | ကျပ်သိန်း ၂၀၀၀ | စက် ယန္တရား | ကျပ်သိန်း ၂၀၀၀ | ၃၂၀ | (၁၅၁၀)ဦး ၁-ရွာ | ၁ | ပညာရေး ကျန်းမာရေး စီးပွား/လူမှု |
| ၂ | ပညာရေး | ကျပ်သိန်း ၈၀၀ | သဲ ကျောက် | ကျပ်သိန်း ၈၀၀ | စက် ယန္တရား | ကျပ်သိန်း ၈၀၀ | ၃၆၀ | (၁၀၀၀)ဦး | ၂ | ယခင်ကထက် ပိုမိုတိုးတက် သောနိုင်ငံတော် ကြီးတည်နိုင်ရန် |
| ၃ | ရွာချင်းဆက်လမ်း | ကျပ်သိန်း ၅၀၀ | လုပ်အား | ကျပ်သိန်း ၅၀၀ | စက် ယန္တရား | ကျပ်သိန်း ၅၀၀ | ၁၀၀၀ | | ၃ | ပညာရေး ကျန်းမာရေး စီးပွား/လူမှု |
| ၄ | ကျန်းမာရေး | ကျပ်သိန်း ၅၀၀ | သဲ ကျောက် | ကျပ်သိန်း ၅၀၀ | ဆေး ဝါး | ကျပ်သိန်း ၅၀၀ | ၁၀၀၀ | (၅၀၀၀)ဦး | ၄ | ပညာရေး ကျန်းမာရေး စီးပွား/လူမှု |
| | | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | |

လုပ်ငန်းစဉ် အကောင်အထည်ဖော်ပြဇယား

| စဉ် | လိုအပ်ချက် | လျှပ်စစ် | ပညာရေး | လမ်းပန်းဆက်သွယ်ရေး | ကျန်းမာရေး | မွေးမြူရေး | ရမှတ် | အဆင့် | |
|---|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | × | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | ၄ | ၁ | |
| ၂ | ပညာရေး | | × | ပညာရေး | ပညာရေး | ပညာရေး | ၃ | ၂ | |
| ၃ | လမ်းပန်းဆက်သွယ်ရေး | | | × | လမ်းပန်းဆက်သွယ်ရေး | လမ်းပန်းဆက်သွယ်ရေး | ၂ | ၃ | |
| ၄ | ကျန်းမာရေး | | | | × | ကျန်းမာရေး | ၁ | ၄ | |
| ၅ | မွေးမြူရေး | | | | | × | ၀ | ၅ | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

CamScanner

| စဉ် | လိုအပ်ချက် | ဘယ်သူ ဦးဆောင်မလဲ | ဘယ် အချိန်လဲ | ရရှိနိုင်သော အရင်းအမြစ် | ဘယ်လို လုပ်မလဲ | |
|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | ကော်မတီ | ၂၀၁၉ ဖေဖော်ဝါရီ | ငွေကြေး/သဲ လုပ်အား | | |
| ၂ | ပညာရေး | ကော်မတီ | ၂၀၂၃ ဧပြီလ | ငွေကြေး/သဲ လုပ်အား | | |
| ၃ | လမ်းပန်း ဆက်သွယ်ရေး | ကော်မတီ | ၂၀၂၄. အောက်တိုဘာ | လုပ်အား | | |
| ၄ | ကျန်းမာရေး | ကော်မတီ | ၂၀၂၅ | ငွေကြေး/သဲ လုပ်အား | | |

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ကန်ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ပြ ဇယားအစီရင်ခံစာ

ရက်စွဲ ၆.၁.၂၀၁၇

ကျောက်ကန်ကျေးရွာ၏ လိုအပ်ချက်များမှာ လျှပ်စစ်မီးလင်းရေးဖြစ်သည်။ လျှပ်စစ်မီးသည်ဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်နေပါသည်။ စိတ်ပိုင်းဆိုင်ရာတိုးတက်ရန် TV၊ စလောင်း၊ မီဒီယာရုပ်သံလိုင်းများမှ မြင်တွေ့ရပြီးစိတ်ရောကိုယ်ပါ တိုးတက်လာကြမည်။ အမျိုးသမီးများ ဦးဆောင်မှု၊ ပါဝင်ဆောင်ရွက်မှုကို ရုပ်သံလိုင်းများမှတစ်မျိုး ကျေးရွာအမျိုးသမီးများသိရန် လျှပ်စစ်မီးဟာလိုအပ်ချက်ဖြစ်ပါသည်။

တိုးတက်လာသည်နှင့်အမျှ မျိုးဆက်သစ်များ ပညာရေးကောင်းကျိုးနှင့် အတူ ဘာသာရေး၊ စည်းလုံးရေး၊ ကျေးရွာဒေသအလိုက်ကောင်းကျိုးတွေရရှိနိုင်ပါသည်။

သောက်သုံးရေနှင့်လျှပ်စစ်ရရှိလာပါမှ လူမှုဘဝကျေးရွာသူ/သားများ၏ တစ်ပိုင်းတစ်စပညာရေးကို လက်မှုသင်တန်း၊ ကျောင်းကတွန့်ဆုတ်နေတဲ့ဆန္ဒများ၊ အားငယ်မှုများကို ကုသမြှင့်တင်နိုင်မည်ဖြစ်ပါသည်။

မိဘများအဆင်ပြေရန် ကျောင်းသူ/သားများနှင့် ကျောင်းဆောင်ကို မိုးလုံလေလုံလုံခြုံရေးအတွက် ကျောင်းအဆင့်အတန်းမြင့်မားရန် ပူးပေါင်းပါဝင်နိုင်ရန် အခွင့်အလမ်းရှိပါသည်။

စာရေးသူ
မြင့်နိုင်ဝင်း

CamScanner